# Wave Money က တစ်နေ့လျှင်ငွေလွှဲပြောင်းမှုနှုန်း ငါးသိန်းကျပ်သို့တိုးမြှင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၁၁ ရက် ၂၀၁၇ ။** ။ မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍတွင် ဦးဆောင်သူ Wave Money က မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် တစ်နေ့လျှင်ငွေလွှဲပြောင်းမှုနှုန်း ငါးသိန်းကျပ်သို့ တိုးမြှင့်သတ်မှတ်လိုက်ပြီဖြစ်သည်။ ယခုလို တိုးမြှင့်သတ်မှတ်လိုက်ခြင်းဟာ အသုံးပြုသူများ၏ တောင်းဆိုချက်များ နှင့် ပြည်တွင်း စီးပွားရေး ၊လူမှုရေး လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန်အတွက် ငွေလွှဲနှုန်းထား ပြောင်းလဲ သတ်မှတ်လိုက်ခြင်းဖြစ်သည်။

Wave Money အသုံးပြုသူများသည် တစ်နေ့ ငွေလွှဲနှုန်းထား တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် တစ်လလျှင် ငွေလွှဲနိုင်မည့် စုစုပေါင်း ငွေလွှဲ ပမာဏမှာလည်း ငွေကျပ် သိန်း (၅၀) မှ (၁၂၅) သိန်း အထိ တိုးမြှင့်ငွေလွှဲနိုင်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ မိုဘိုင်းလ် ငွေရေးကြေးရေးကဏ္ဍ (MFS)၏ စည်းမျဉ်းစည်းကမ်းများအရ အနည်းဆုံး နှစ်သိန်းမှ အများဆုံး ဆယ်သိန်းကျပ်အထိ အသီးသီး ငွေလွှဲပြောင်းမှုနှုန်းထားများမှာ ယခင်အတိုင်း ဆက်လက်တည်ရှိ နေမည်ဖြစ်သည်။

"အခုလို မြန်မာနိုင်ငံ Mobile Financial Service (MFS) ကဏ္ဍ အတွက် တရားဝင် ငွေလွှဲနှုန်းထား တိုးမြှင့် သတ်မှတ်လိုက်တဲ့အတွက် ပြောမပြတတ်လောက်အောင် ဝမ်းသာ ပီတိဖြစ်မိပါတယ်။ Wave Money သုံးစွဲသူ ပြည်သူများ က ကျွန်တော်တို့ ရဲ့ ၁၅,၀၀၀ ခန့် ရှိပြီဖြစ်တဲ့ Wave ဆိုင်တွေကနေ တဆင့် နေရာမရွေး အချိန်မရွေး ငွေပမာဏများများ ပို့လွှဲနိုင်သွားပြီဆိုတဲ့ အချက်က ကျွန်တော်တို့ အတွက် အဖိုးမဖြတ်နိုင်ပါဘူး။ ဒါဟာ ကျွန်တော်တို့ အချိန် အတော်ကြာ မျှော်လင့် စောင့်စား ခဲ့တဲ့ အခွင့်ထူးပါပဲခင်ဗျာ။ အခုလို တစ်နေ့ ငွေလွှဲ နှုန်းထားကို ၅၀၀,၀၀၀ ကျပ်အထိ တိုးမြှင့်သတ်မှတ် လိုက်ပြီဆိုတော့ အထူးသဖြင့် ကိုယ်ပိုင်စီးပွားရေး လုပ်နေသူအတွက် တစ်ကယ့်ကို ဝမ်းသာစရာ သတင်းကောင်းတစ်ခုပါပဲ။ မြန်မာ ပြည်သူပြည်သားတော်တော်များများက သာမာန်ရိုးကျ ငွေလွှဲနည်းထက် အခုလို မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုမှတဆင့် ငွေလွှဲခြင်းကို ပိုမို စိတ်ဝင်စားလာကျ တဲ့အတွက် ကျွန်တော်တို့ Wave Money အဖွဲ့ သားများကလည်း အကောင်းဆုံး ငွေရေးကြေးရေး ဝန်ဆောင်မှု ပေးအပ်ဖို့ အတွက် ပြင်းပြသော ဆန္ဒနဲ့ အတူ ပိုမို ကျယ်ပြန့်တဲ့ သုံးစွဲသူတွေဆီ အရောက်လှမ်းဖို့ အဆင်သင့်ဖြစ်နေပါပြီ" ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ် Mr.Brad Jone ကပြောကြားသည်။

ဒေါ်ပုံ မြို့နယ်ရှိ ဈေးဆိုင်ပိုင်ရှင်တစ်ဦး ဖြစ်သူ မစံပယ် ကလည်း ငွေလွှဲနှုန်းထား တိုးမြှင့်လိုက်ခြင်းအပေါ် အခုလို ပြောကြားသည်။ " ငွေလွှဲနှုန်း တိုးမြှင့်သတ်မှတ်လိုက်ပြီ ဆိုတော့ အရမ်းကို အဆင်ပြေသွားတာပေါ့။ အရင်ကဆို မကွေးမှာ နေတဲ့ မိဘဆီ ငွေလွှဲပေးချင်ရင်တောင် နှစ်ရက် ခွဲပြီး လွှဲပေးခဲ့ရတယ်။ ခုဆို အဲ့လောက်အထိ အချိန်ပေးစရာ မလိုတော့ဘူး။ တစ်ခေါက်တည်းနဲ့ ငွေလွှဲနိုင်သွားပြီလေ။"




*ဓာတ်ပုံ။ ။ Wave Money အကောင့်အသုံးပြုသူတစ်ဦး။*

မြန်မာနိုင်ငံရှိ ပြည်သူများ၏ ပိုမိုတောက်ပသော အနာဂတ်ဖန်တီးပေးရန် ရည်ရွယ်၍ လွယ်ကူချောမွေ့သော ငွေရေးကြေးရေးဝန်ဆောင်မှုကို အကောင်အထည်ဖေါ် ဆောင်ရွက် ပေးလျက်ရှိ သည်။ Wave Money နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက Wave Money Facebook Page နှင့် ၂၄နာရီ ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးသော Call Center ကို ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။ Telenor ဆင်မ်ကဒ် အသုံးပြုသူများအတွက် ၉၀၀ နံပါတ်ဖြင့်ခေါ်ဆိုနိုင်ပြီး အခြားဆင်မ်ကဒ် များမှ ခေါ်ဆိုလိုပါက ၀၉၇၉၀၀၀၉၀၀၀ ခေါ်ဆိုနိုင်ပါသည်။

## Wave Money အကြောင်း

Wave Money သည် ငွေလွှဲဝန်ဆောင်မှုများကို Wave ဆိုင်များဖြစ်သော ကိုယ်စားလှယ်ပေါင်း ၁၅,ဂဂဂ မှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။ Wave Money သည် မိုဘိုင်းငွေကြေးလွှဲပြောင်းနိုင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး တယ်လီနော၊ ပထမမြန်မာရင်းနှီးမြှုပ်နှံမှု (FMI) နှင့် ရိုးမဘဏ်တို့ အတူတကွ လက်တွဲပူပေါင်း ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်သည်။ Wave Moneyသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး တစ်ဦးနှင့်တစ်ဦး ငွေလွှဲနိုင်ရန်အကောင်းဆုံး ငွေလွှဲဝန်ဆောင်မှုအား ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံပြည်သူများ အချိန်တိုင်း၊နေရာတိုင်းကို ငွေလွှဲနိုင်ပြီဖြစ်သည်။


**For media enquiries, please contact:**

Mr. Aung Bo Bo Win

Public Relations Executive

Havas Riverorchid Media for Wave Money

bobo.win@havas-ro.com

(95) 9420110296